Community Resilience to Foreign Interference

# ဥပဒေဆိုင်ရာ အကူအညီနှင့် အကြံဉာဏ်များ

**မှတ်ချက်** -ဤအချက်အလက်များသည် ယေဘုယျ သိမှတ်ဖွယ်ရာများသာ ဖြစ်ပါသည်။ သင်နားလည်သဘောပေါက်စေရန်သာ ရည်ရွယ်ပြီး ဥပဒေကြောင်းအရ အကြံပေးချက်မဟုတ်ပါ။ တိကျသော ဥပဒေဆိုင်ရာ အကြံဉာဏ်များအတွက် အရည်အချင်းပြည့်မီသော ဥပဒေပညာရှင်နှင့် ဆွေးနွေးတိုင်ပင်ပါ။

အကယ်၍ တစ်ဦးတစ်ယောက်သည် ပြည်ပကြားဝင်နှောင့်ယှက်မှု ခံစားနေရပါက ဥပဒေကြောင်းအရ အကူအညီနှင့် အကြံဉာဏ်များ ရယူခြင်းဖြင့် ၎င်းတို့၏ ရပိုင်ခွင့်များနှင့် ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို နားလည်သဘောပေါက်စေရန် ကူညီပေးနိုင်ပါသည်။

## နယူး ဇီလန် နိုင်ငံရှိ သင်၏ရပိုင်ခွင့်များ

[နယူးဇီလန်နိုင်ငံရှိ သင်၏ရပိုင်ခွင့်များအကြောင်း ဤနေရာတွင် လေ့လာပါ။]

## ဥပဒေဆိုင်ရာ အကူအညီ ရယူနိုင်မည့်နေရာများ

**ရပ်ရွာဥပဒေအကျိုးဆောင်လုပ်ငန်း** (Community Law)

ရပ်ရွာဥပဒေဗဟိုဌာန (Community Law Centres) များသည် အောက်ပါတို့အတွက် ကူညီပေးနိုင်ပါသည် -

- ဥပဒေဆိုင်ရာ အချက်အလက်များနှင့် ပညာပေးခြင်း
- ဥပဒေဆိုင်ရာ အကြံဉာဏ်ပေးခြင်း၊ ကူညီခြင်းနှင့် ကိုယ်စားပြုပေးခြင်း - အထူးသဖြင့် ဥပဒေရေးရာ ဝန်ဆောင်ခ မပေးဆောင်နိုင်သူများအတွက် ဖြစ်သည်။

နယူးဇီလန်တစ်ဝန်းတွင် ရပ်ရွာဥပဒေဗဟိုဌာန 24 ခုရှိသည်။ ဌာနအများစုသည် မြို့ငယ်လေးများရှိ လူထုထံသို့ သွားရောက်ဝန်ဆောင်မှုပေးခြင်း သို့မဟုတ် ဆေးခန်းများဖွင့်လှစ်၍ ဝန်ဆောင်မှုပေးခြင်းများ ပြုလုပ်ပေးပါသည်။ ရက်ချိန်းယူရန်အတွက် ဒေသတွင်းရှိ ဌာနများသို့ တိုက်ရိုက်ဆက်သွယ်ပါ။

[ပိုမိုသိရှိလိုပါက Community Law ဝဘ်ဆိုက် သို့ သွားရောက်ကြည့်ရှုပါ။]

**လူငယ်ဥပဒေရေးရာ** (Youth Law)

လူငယ်ဥပဒေရေးရာ (Youth Law) သည် အသက် 25 နှစ်အောက် ကလေးသူငယ်များနှင့် လူငယ်အားလုံးအတွက် အခမဲ့ ဥပဒေရေးရာ ဝန်ဆောင်မှုများကို ပံ့ပိုးပေးပါသည်။

ပိုမိုသိရှိလိုပါက Youth Law ဝဘ်ဆိုက် သို့ သွားရောက်ကြည့်ရှုပါ။

## ပြည်သူ့အကြံပေးဗျူရို (Citizens Advice Bureau)

ပြည်သူ့အကြံပေးဗျူရို (Citizens Advice Bureau) သည် အောက်ပါတို့အတွက် ကူညီပေးနိုင်ပါသည် -

- ရပိုင်ခွင့်များနှင့် ပတ်သက်သော အချက်အလက်များ
- အခမဲ့ဖြစ်ပြီး လျှို့ဝှက်ချက်ကို ထိန်းသိမ်းပေးသော၊ လွတ်လပ်သည့် သတင်းအချက်အလက်နှင့် အကြံဉာဏ်များ
- ဥပဒေရေးရာ အကြံဉာဏ်များ ရယူရန်အတွက် ဒေသတွင်းရှိ ရပ်ရွာဥပဒေဗဟိုဌာန (Community Law Centre) များသို့ လမ်းညွှန်ပေးခြင်း
- သင်လိုအပ်နိုင်သည့် ဝန်ဆောင်မှုများကို မည်သို့ရယူရမည်ဆိုသည့် အချက်အလက်များ

အချက်အလက်များအတွက် Citizens Advice Bureau ဝဘ်ဆိုက် သို့ သွားရောက်ပါ သို့မဟုတ် လျှို့ဝှက်စွာ အကူအညီရယူရန် ဖုန်းနံပါတ် 0800 367 222 သို့ အခမဲ့ ခေါ်ဆိုပါ။

## ဥပဒေဆိုင်ရာ အထောက်အပံ့ (Legal aid)

ဥပဒေဆိုင်ရာ အထောက်အပံ့ (Legal aid) ဆိုသည်မှာ ရှေ့နေငှားရမ်းရန် မတတ်နိုင်သူများအတွက် အစိုးရက ထောက်ပံ့ပေးသော ရန်ပုံငွေဖြစ်သည်။ ၎င်းသည် ဥပဒေရေးရာ အကူအညီများအတွက် ကျသင့်ငွေပေးချေရန်နှင့် တရားရုံးရောက်ရှိနိုင်သည့် ဥပဒေပြဿနာများကို ဖြေရှင်းရန် ကူညီပေးသည်။ သို့မှသာ လူများသည် ရှေ့နေငှားရန် မတတ်နိုင်သည့်အတွက် တရားမျှတမှု မရရှိခြင်းမျိုး မဖြစ်စေရန် ကာကွယ်ပေးပါသည်။

ဥပဒေဆိုင်ရာ အထောက်အပံ့အကြောင်း ဤနေရာတွင် ပိုမိုလေ့လာပါ။

## နယူးဇီလန် ဥပဒေအသင်း (New Zealand Law Society)

နယူးဇီလန် ဥပဒေအသင်း (NZLS) သည် နယူးဇီလန်နိုင်ငံရှိ ရှေ့နေများကို ကြီးကြပ်ကွပ်ကဲသော အဖွဲ့အစည်းဖြစ်သည်။ ၎င်းတို့၏ အွန်လိုင်းလမ်းညွှန် (Directory) ကို အသုံးပြု၍ ရှေ့နေများကို ရှာဖွေနိုင်ပါသည်။ ထိုနေရာတွင် နယူးဇီလန်၌ ဥပဒေလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုချက်ရရှိထားသည့်

ရှေ့နေများကို စာရင်းပြုစုထားပါသည်။

နယူးဇီလန် ဥပဒေအသင်း ဝဘ်ဆိုက်သို့ သွားရောက်ပါ။